## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 14, 2026 Volume 102 , Number 9

၁၄ ၅. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၉.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၉.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၈.၀၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၂၂.၆၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၄.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၆ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ကြက်သွန်ဖြူဈေးကွက်အခြေအနေ သုံးသပ်ချက်




အဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသများတွင် မိုးဆက်တိုက်ရွာသွန်းနေခြင်းကြောင့် ကြက်သွန်ဖြူအဝင်နည်းကာ ဈေးနှုန်းများမြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ကြောင့် အဝင်နည်းချိန်တွင် ကုန်သည်များ အလုအယက်ဝယ်ယူမှုများရှိနေပြီး ဈေးနှုန်းမှာ အတက်ဘက်တွင် ရှိနေကြောင်း ကုန်သည်အချို့က ပြောသည်။

"လက်ရှိကုန်စိမ်းအရောင်းအဝယ်ကတော့မိုးတောက်လျှောက်ရွာနေတာမို့ အသွားအလာ အင်မတန်နည်းနေတယ်၊ကြက်သွန်ဖြူကတော့ အဝင်ပိုနည်းလာတဲ့အပြင် လုဝယ်နေရတဲ့ အခြေအနေမှာရှိလို့ ဈေးတက်လာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဈေးကတော့ကျလိုက်တက်လိုက်လေးတွေဆက်ဖြစ်နေဦးမှာပါ"ဟု ရှမ်းပြည်နယ်မှကုန်စိမ်းရောင်းဝယ်သူတစ်ဦးကပြောသည်။

လက်ရှိ အောင်ပန်းဈေးကွက်တွင် ကြက်သွန်ဖြူ ထူး-၁ တစ်ပိဿာလျှင် ၃၁၀၀ ကျပ်၊ ထူး-၂ လျှင် ၄၁၀၀ ကျပ်၊ ထူး-၃ လျှင် ၅၁၀၀ ကျပ်၊ ထူး-၄ လျှင် ၆၁၀၀ ကျပ်နှင့် ထူး-၅ လျှင် ၇,၁၀၀ ကျပ်အထိ အရောင်းအဝယ်ရှိနေပြီး ပြီးခဲ့သည့်အပတ်နှင့်ယှဉ်ပါက တစ်ပိဿာလျှင် ၅၀၀ ကျပ်မှ ၈၀၀ ကျပ်အထိ ဈေးတက်သွားကြောင်းသိရသည်။

ကြက်သွန်ဖြူဈေးနှုန်းမှာ လက်ရှိတွင် အတက်အကျ တလှည့်စီဖြစ်နေဦးမည်ဖြစ်ပြီး ဩဂုတ်လနှင့်စက်တင်ဘာလအတွင်း၌သာ အမှန်တကယ် ဈေးတန်းအတက် ခိုင်ခိုင်မာမာ ရှိလာမည်ဖြစ်ကြောင်း သုံးသပ်ထားကြသည်။

ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ထူး-၂ တစ်ပိဿာလျှင် ၅,၀၀၀ ကျပ်၊ ထူး-၃ လျှင် ၆၀၀၀ ကျပ်၊ ထူး-၄ လျှင် ၇၀၀၀ ကျပ်နှင့် ထူး-၅ လျှင် ၈၅၀၀ ကျပ်အထိ အတက်ဈေးတွင်ရှိနေပြီး ပြီးခဲ့သည့်အပတ်နှင့် ယှဉ်ပါက တစ်ပိဿာလျှင် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အထိ ဈေးတက်သွားကြောင်း သိရသည်။

ယင်းပြင် တရုတ်နိုင်ငံမှ တင်သွင်းသည့် ကြူကုတ် (ရှယ်) မှာလည်း ပြီးခဲ့သည့်အပတ်က တစ်ပိဿာလျှင် ၁၄,၅၀၀ ကျပ် ရှိရာမှ ယခုအပတ်တွင် ၁၈,၅၀၀ ကျပ်အထိ မြင့်တက်သွားကြောင်း သိရသည်။

အဆိုပါ ကြူကုတ်မှာလည်း ပြီးခဲ့သည့်လများက နယ်စပ်ဒေသများတွင် နယ်မြေအခြေအနေအရ တရားမဝင် ဝင်ရောက်မှု နည်းသွားကာ ဈေးကောင်းရနေခြင်းဖြစ်ကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

"ဈေးကွက်အရ ကြူကုတ်မရှိရင် ရှမ်းက ထိုးတက်မှာပဲ။ ရှမ်းမရှိရင်လည်း ကြူကုတ်က တက်တယ်။ အခုက ရှမ်းကြက်သွန်က အကုန်လုံး အဝင်နည်းသွားတော့ အဝယ်သွက်ပြီး ဈေးတက်လာတာပါ" ဟု ပြည်ပပို့ကုန်လုပ်ငန်းရှင် (Exporter) တစ်ဦးက ပြောသည်။

ကြက်သွန်ဖြူကို ရှမ်းပြည်နယ်ရှိ အောင်ပန်း၊ တောင်ကြီး၊ ပင်လောင်းနှင့်ဟိုပုံးမြို့နယ်တို့တွင် အဓိကထား စိုက်ပျိုးကြပြီး မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တစ်နှစ်လျှင် ကြက်သွန်ဖြူပိဿာချိန် သိန်း ၅၀ ခန့် စားသုံးကြောင်း သိရသည်။

ပြည်တွင်း၌ ကြက်သွန်ဖြူကို အောက်တိုဘာနှင့်နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီနှင့်မတ်လတို့တွင် အများဆုံး ထွက်ရှိကြောင်း သိရသည်။

Source : http://htwettoe.com/

## မြေပဒေသာကျွန်း၌ မြန်မာ့ဒူးရင်းပွဲတော် ကျင်းပမည်




မြန်မာ့ဒူးရင်းပွဲတော် ၂၀၂၆ ကို ရန်ကုန်မြို့ရှိ မြေပဒေသာကျွန်းမှာ ကျင်းပမယ်လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFVP)က သိရပါတယ်။

အဲဒီပွဲတော်ကို မေလ ၁၉ ရက်မှာ ကျင်းပမှာဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ကျင်းပမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာ့ဒူးရင်းပွဲတော်ကို ပြည်ပပို့ကုန်တိုးမြှင့်ဖို့၊ မြန်မာ့ဒူးရင်းမျိုးအမည်နဲ့ဈေးကွက်ထိုးဖောက်ဖို့၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်တွေ၊ရိတ်သိမ်းချိန်လွန် နည်းပညာတွေကိုဆွေးနွေးဖလှယ်ဖို့၊ဒူးရင်းသီးဈေးကွက်ချဲ့ထွင်ဖို့၊ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေး ကွန်ရက်ချိတ်နိုင်ဖို့၊ ဈေးကွက်လိုအပ်ချက်နဲ့ကိုက်ညီတဲ့ အရည်အသွေးကောင်း ဒူးရင်းမျိုးတွေ ရွေးချယ်ဖော်ထုတ်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။

ဒါ့ကြောင့် ပွဲတော်မှာ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းရဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အသင်းတွေ၊ သီးနှံအသင်းအစုအဖွဲ့တွေ၊ အသင်းဝင်ကုမ္ပဏီတွေအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့ကိုလည်း MFVP က အသိပေး အကြောင်းကြားထားပါတယ်။

**Source :** https://onenewstvchannel.com/

## ချုံချင့်မြို့တွင် မြန်မာ့စိန်တလုံးသရက်သီး မိတ်ဆက်ပွဲ ကျင်းပ




မြန်မာ့စိန်တလုံးသရက်သီးကို ဈေးကွက်မြှင့်တင်ရန် ရည်ရွယ်သောအားဖြင့် မြန်မာ့စိန်တလုံးသရက်သီးမိတ်ဆက်ပွဲကို တရုတ်နိုင်ငံ၊ ချုံချင့်မြို့၊ World Financial Center ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် မေလ ၁၁ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အခမ်းအနားသို့ ချုံချင့်မြူနီစီပယ်အစိုးရ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zhu Mao၊ ချုံချင့်မြူနီစီပယ်အစိုးရ နိုင်ငံခြားရေးဌာနမှ Second Level Inspector Ms. Fan Qing တို့က အထူးဧည့်သည်တော်များအဖြစ် တက်ရောက်ခဲ့ကြပြီး၊ အစိုးရဌာနများမှ တာဝန်ရှိသူများ၊ ချုံချင့်နှင့် ချန်ဒူးမြို့ရှိ ဘယ်လာရုစ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များနှင့် အခြားကောင်စစ်ဝန်ချုပ်ရုံးများမှကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အခြားသောဖိတ်ကြားထားသည့် ဧည့်သည်များ အပါအဝင် လူဦးရေ ၆၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး၊ ဧည့်သည်တော်များအား မြန်မာ့စိန်တလုံးသရက်သီးမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းတစ်ခုကို တင်ဆက်ပြသခဲ့ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာ့စိန်တလုံးသရက်သီးများ၊ စိန်တလုံးသရက်သီးဖြင့် ပြုလုပ်ထားသည့် မုန့်များ၊ ဖျော်ရည်များနှင့် မြန်မာ့လက်ဖက်ရည်တို့ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရပါတယ်။

မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချုံချင့်မြို့အနေဖြင့်မြန်မာ့စိန်တလုံးသရက်သီးမိတ်ဆက်ပွဲတွင် မြန်မာ့စိန်တလုံး သရက်သီးများ၊ မြန်မာ့ကော်ဖီ၊ မြန်မာ့လက်ဖက်ရည်၊ မြန်မာဘီယာနှင့် ယမကာတို့အား ခင်းကျင်းပြသခဲ့ကြောင်းလည်း သိရပါတယ်။

Source : https://opinionleadersmedia.com/

## မြန်မာ့စိန်တလုံးသရက် တန်ချိန် ၈၀ ကျော် တရုတ်ဈေးကွက်သို့တင်ပို့



မကြာသေးတဲ့ ရက်ပိုင်းတွေမှာ မြန်မာ့အရည်အသွေးမြင့် စိန်တလုံး သရက်သီးတန်ချိန် ၈၀ ကျော်ကို တရုတ်-မြန်မာ နယ်စပ်ဂိတ်တွေကနေ တရုတ်ဈေးကွက်ကိုတင်ပို့ခဲ့ကြောင်း တရုတ်သတင်းဌာန ဆင်ဟွာက ဖော်ပြပါတယ်။

နှစ်စဉ် ဧပြီလမှ ဇူလိုင်လအထိက စိန်တလုံးသရက်သီး အထွက်နှုန်း အကောင်းဆုံးကာလဖြစ်ပြီး အခုနှစ် မြန်မာ့သရက်သီးတွေ တရုတ်နိုင်ငံထံ တင်ပို့မှုမှာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်း ပိုမိုမြန်ဆန်လာပြီး တင်ပို့မှုပမာဏ ပိုမိုကြီးမားလာတယ်လို့ ဆိုပါတယ်။

မကြာသေးမီရက်ပိုင်းက တန်ချိန် ၁၄ တန်ရှိတဲ့ မြန်မာ့စိန်တလုံးသရက်သီးတွေကို ယူနန်ပြည်နယ်၊ လျင်ချန်းမြို့အတွင်းက မိန်းတိန်-ချင်းရွှေဟော်နယ်စပ်ဂိတ်မှ အကောက်ခွန်ရှင်းလင်းမှုတွေ လုပ်ဆောင်ခဲ့ပြီး တရုတ်နိုင်ငံထဲ ချောမွေ့စွာ ဝင်ရောက်ခဲ့ပါတယ်။

မိန်းတိန်-ချင်းရွှေဟော်နယ်စပ်ဂိတ်မှာသစ်သီးဝလံများအတွက် သတ်မှတ်ထားတဲ့ ကြီးကြပ်စစ်ဆေးရေးစခန်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလကစစ်ဆေးအတည်ပြုပြီးအသုံးပြုချိန်မှ ပထမဆုံးအကြိမ်အဖြစ် သရက်သီးတွေတင်သွင်းခြင်းလည်းဖြစ်ပါတယ်။

မေလ ၉ ရက်မှာလည်း ဝမ်တိန်ဂိတ်၊ မောင်မန်လမ်းကြောင်းမှာ စိန်တလုံးသရက်သီး ၇၂ တန် တင်ဆောင်လာတဲ့ ကုန်တင်ကားတွေ တရုတ်နိုင်ငံအတွင်း ဝင်ရောက်လာပြီး ကူမင်း၊ ချိန်တူး၊ ချုံချင့်စတဲ့ တရုတ်နိုင်ငံမြို့ကြီးတွေက သစ်သီးဈေးကွက်တွေဆီ ပို့ဆောင်ပေးခဲ့ကြောင်း သိရပါတယ်။

စိန်တလုံးသရက်သီး ထွက်နှုန်းမြင့်ချိန်နဲ့ တရုတ်ပြည်တွင်း သစ်သီးဝလံတွေ ထွက်ရှိတဲ့ရာသီတို့မှာ အပြန်အလှန်ဖြည့် စွက်ပေးကာ ဈေးကွက်အတွင်း ဝယ်လိုအား အလွန်ကောင်းမွန်လျက်ရှိကြောင်း သိရပါတယ်။

သရက်သီးတွေ ဘေးကင်းထိရောက်စွာအကောက်ခွန်ရှင်းလင်းလုပ်ဆောင်နိုင်စေဖို့ တရုတ်နယ်စပ်သက်ဆိုင်ရာဌာနတွေအနေနဲ့ မကြာသေးမီက “အစိမ်းရောင်လမ်းကြောင်း”အထူးဖွင့်လှစ်ခဲ့ကာ သက်ဆိုင်ရာအစီအမံများစွာကို အကောင်အထည်ဖော်ခဲ့တယ်လို့ သိရပါတယ်။

Source : ဆင်ဟွာ

BETV Business News

## နှမ်းမျိုးစုံ ဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်တွင် မေလ ဒုတိယပတ်၌ နှမ်းမျိုးစုံအသစ်များ အများအပြား ဝင်ရောက်နေပြီး ဈေးကျကာ အရောင်းအဝယ်သွက်နေကြောင်းသိရသည်။

နှမ်းဖြူ(ဗမာ) ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၃၆၀,၀၀၀ကျပ်၊ ယခင်တစ်ပတ် ကျပ် ၃၇၀,၀၀၀ မှ ၃၈၀,၀၀၀ ၊ ယခင်လကျပ် ၄၂၅,၀၀၀မှ ၄၃၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀မှ ၂၀,၀၀၀၊ ယခင်လထက် ကျပ် ၆၅,၀၀၀မှ ၇၀,၀၀၀ ဈေးနိမ့်ကျလာသည်။


နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၆၀,၀၀၀မှ ၃၆၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၈၀,၀၀၀မှ ၃၉၀,၀၀၀၊ ယခင်လ ကျပ် ၄၁၀,၀၀၀မှ ၄၂၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀,၀၀၀ မှ ၂၅,၀၀၀၊ ယခင်လထက် ကျပ် ၅၀,၀၀၀ မှ ၅၅,၀၀၀ ခန့်ဈေးနိမ့်ကျလာသည်။

နှမ်းညို ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၅၅,၀၀၀ မှ ၃၆၀,၀၀၀၊ ယခင်တစ်ပတ် ၃၉၀,၀၀၀ ကျပ်၊ ယခင်လ ကျပ် ၄၄၅,၀၀၀မှ ၄၅၀,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက်၃၀,၀၀၀ မှ၃၅,၀၀၀ကျပ်၊ ယခင်လထက် ၉၀,၀၀၀ ကျပ်ခန့် ဈေးနိမ့်ကျလာသည်။

နှမ်းနက်(စမုန်) ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၆၀၀,၀၀၀မှ ၆၂၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၅၀,၀၀၀မှ ၅၈၅,၀၀၀၊ ယခင်လ ကျပ် ၆၃၀,၀၀၀ မှ ၇၆၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၅,၀၀၀မှ ၅၀,၀၀၀ ဈေးမြင့်တက်ကာ၊ ယခင်လထက် ကျပ် ၃၀,၀၀၀မှ ၁၄၀,၀၀၀ ခန့် ဈေးနိမ့်ကျလာသည်။

**Source :** https://myantrade.gov.mm/

## ရင်းနှီးမြှုပ်နှံသူများ၏ ရွှေဒင်္ဂါးနှင့်ရွှေတုံးဝယ်လိုအား မြင့်တက်လာသော်လည်း တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှုကျဆင်း



တရုတ်နိုင်ငံရွှေအသင်း (China Gold Association) ၏ အချက်အလက်များအရ ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေးမှုများနှင့် ထုတ်လုပ်မှုခေတ္တရပ်ဆိုင်းမှုများကြောင့် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှုကျဆင်းသွားခဲ့ကြောင်းသိရသည်။

ပြည်တွင်းနှင့် ပြည်ပမှ တင်သွင်းသော ကုန်ကြမ်းများအပါအဝင် စုစုပေါင်းထုတ်လုပ်မှုသည် ယခင်နှစ် အလားတူကာလထက် ၃ ဒသမ၂၇ ရာခိုင်နှုန်း ကျဆင်းကာ ၁၃၆ ဒသမ ၂၃ တန်ခန့်သာရှိခဲ့ပြီး၊ မိုင်းတွင်းထွက်ရှိမှုမှာ ၇ ဒသမ၀၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

သို့သော်လည်း တရုတ်နိုင်ငံရွှေလုပ်ငန်းစုကြီးများ၏ ပြည်ပတွင် သွားရောက်ထုတ်လုပ်မှုမှာမူ ၃၀ ရာခိုင်နှုန်း ကျော်အထိ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ရွှေသုံးစွဲမှုမှာ ခိုင်မာသော ရင်းနှီးမြှုပ်နှံမှု ဝယ်လိုအားကြောင့် ယခင်နှစ်ထက် ၄ ဒသမ၄၁ ရာခိုင်နှုန်း မြင့်တက်ကာ ၃၀၃ ဒသမ၂၉ တန်ခန့် ရှိခဲ့ကြောင်း သိရသည်။

ရွှေတုံးနှင့် ရွှေဒင်္ဂါး ဝယ်ယူမှုမှာ ၄၆ ဒသမ ၄ ရာခိုင်နှုန်းအထိ ခုန်တက်သွားသော်လည်း၊ ရွှေထည်လက်ဝတ်ရတနာ သုံးစွဲမှုမှာမူ ရွှေဈေးနှုန်းမြင့်မားခြင်းနှင့် မတည်ငြိမ်ခြင်းတို့ကြောင့် ၃၇ ဒသမ၁ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အဆိုပါ သုံးလပတ် အတွင်း ၎င်း၏ ရွှေအရန်အင်အားသို့ ၇ ဒသမ ၁၅ တန် ထပ်မံဖြည့်တင်းခဲ့ရာ မတ်လကုန်တွင် စုစုပေါင်း ရွှေပိုင်ဆိုင်မှု ၂၃၁၃ ဒသမ၄၈ တန်ခန့် ရှိလာပြီး ကမ္ဘာ့အဆင့် ၅ နေရာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

**Source :** https://myantrade.gov.mm/

## အာရှဆန်ဈေးကွက် ဝယ်လိုအားနည်းခြင်းနှင့် ရူပီးငွေတန်ဖိုးကျဆင်းခြင်းကြောင့် အိန္ဒိယဆန်ဈေးနှုန်းများ ကျဆင်း

ယခုတစ်ပတ်အတွင်း ဝယ်လိုအားနည်းပါးခြင်းနှင့် အိန္ဒိယရူပီးငွေတန်ဖိုး စံချိန်တင်ကျဆင်း သွားခြင်းတို့ကြောင့် အိန္ဒိယဆန်တင်ပို့မှုဈေးနှုန်းများကျဆင်းခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုအန္တရာယ်များကြောင့် နွေစပါးရိတ်သိမ်းမှုကိုခြိမ်းခြောက်လျက်ရှိသည်။

အိန္ဒိယ၏ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပေါင်းဆန်ဈေးသည် ပြီးခဲ့သည့်အပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၄ - ၃၅၀ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၃၇-၃၄၄ အထိကျဆင်းသွားသည်။ အိန္ဒိယ ၏ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပေါင်းဆန်ဈေးမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၃၆ - ၃၄၀ အတွင်းရှိနေသည်။

"သင်္ဘောတင်ခများမြင့်မားနေခြင်းကြောင့် အာဖရိကနိုင်ငံများဆီက ဝယ်လိုအားသည်အားနည်းနေဆဲဖြစ်ပါကြောင်း၊ အိန္ဒိယကုန်သည်များသည် ဝယ်ယူသူများကို ဆွဲဆောင်ရန်အတွက် ရူပီးငွေတန်ဖိုး ကျဆင်းမှုကို ထည့်သွင်းတွက်ချက်ပြီး ဈေးနှုန်းများလျှော့ချနေကြကြောင်း" ကောလ်ကတ္တားအခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယရူပီးငွေသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၉၅ ဒသမ ၃၃ ရူပီးအထိစံချိန်တင်ကျဆင်းသွားခဲ့ရာ၊ ယင်းသည် ပြည်ပသို့ ဆန်တင်ပို့ရောင်းချသူများအတွက် အကျိုးအမြတ်ပိုမိုရရှိစေသည်။

တစ်ချိန်တည်းမှာပင် မုတ်သုံမတိုင်မီ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အိန္ဒိယနိုင်ငံဘက်မှ စီးဆင်းလာသော ရေစီးကြောင်းများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ မြစ်ရေများမြင့်တက်လာပြီး နွေစပါးရိတ်သိမ်းချိန်တွင် ရေကြီးမှုအန္တရာယ်

ပိုမိုမြင့်မားလာကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါရေဘေးအန္တရာယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်စျေးနှုန်းများမြင့်တက်နေချိန်နှင့် တိုက်ဆိုင်နေပြီး သန်းနှင့်ချီသော ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။

ထိုင်းနိုင်ငံ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်စျေးသည် ပြီးခဲ့သည့်အပတ်က အမေရိကန်ဒေါ်လာ ၃၉၀ – ၃၉၅ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၉၀–၄၀၀ ဒေါ်လာအထိ အနည်းငယ်မြင့်တက်လာသည်။

ထိုင်းဆန်အတွက် ဝယ်လိုအားမှာ ငြိမ်သက်နေပြီး မလေးရှားကဲ့သို့သော အာရှစျေးကွက်များဆီမှ အော်ဒါများရရှိနေသည်ဟု ကုန်သည်များက ပြောကြားထားသည်။

လာမည့်အပတ်များအတွင်း အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများက ဝယ်လိုအားထပ်မံထွက်ပေါ်လာနိုင်သည်ဟု ဗန်ကောက်အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ဓာတ်မြေသြဇာ၊ပိုးသတ်ဆေးနှင့်သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်မားလာခြင်းကြောင့် ဆန်စျေးနှုန်းများမှာ လက်ရှိအဆင့်တွင်သာ ဆက်ရှိနေနိုင် သည် (သို့မဟုတ်) ပိုမိုမြင့်တက်လာနိုင်သည်ဟု ၎င်းက ပြောကြားထားသည်။

ကုန်ကျစရိတ်များမြင့်မားလာခြင်းကြောင့် လယ်သမားများမှာ စပါးစိုက်ပျိုးမှုလျှော့နည်းလာနိုင်ပြီး ကာလလတ်တွင် ဆန်လက်ကျန် နည်းပါးသွားနိုင်သည်ဟု အခြားကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

**Source: Asia Rice: Muted demand, weak rupee push India prices lower: The Economic Times**

**(လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (14.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th May, 2026

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 17,184 (Shares) | 86,462,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,500 | -500 | -3.57% | 14,000 | 14,000 | 13,500 | 392 | 5,446,500 | 33,109,694 | 446,981 |
| MTSH | 00002 | 6,500 | +100 | +1.56% | 6,400 | 6,500 | 6,400 | 6,006 | 38,463,500 | 38,929,150 | 253,040 |
| MCB | 00003 | 9,400 | +0 | +0.00% | 9,400 | 9,400 | 9,400 | 1 | 9,400 | 10,400,986 | 97,769 |
| FPB | 00004 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 5,763 | 25,357,200 | 31,144,738 | 137,037 |
| TMH | 00005 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 239 | 786,900 | 12,823,224 | 41,676 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 1,346 | 2,355,500 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 367 | 1,449,650 | 10,497,598 | 41,466 |
| MAEX | 00008 | 4,200 | +100 | +2.44% | 4,100 | 4,200 | 4,100 | 3,070 | 12,594,000 | 23,804,946 | 99,981 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 14th May, 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 607.79 | -5.76 | -0.94% | 613.55 | 616.86 | 607.79 | 17,184 | 86,462,650 | 8 | 1,152,910 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 14th May, 2026

| Trading Volume | Trading Value |
|---|---|
| 17,698 (Shares) | 90,923,850 (MMK) |

### Main Board

As of 1:00 pm, 14th May, 2026

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 17,184 (Shares) | 86,462,650 (MMK) |

**MYANPIX** 607.79

▼ 5.76

| | |
|---|---|
| Total Volume (shares) | 17,184 |
| Total Value (MMK) | 86 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,152,910 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 500 |
| MTSH | 00002 | 6,500 | ▲ 100 |
| MCB | 00003 | 9,400 | ▲ 0 |
| FPB | 00004 | 4,400 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 100 |